# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၂၄)        ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်


## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ယခုအပတ်အတွင်း ဖော်ပြသည့် ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာအသစ်များ။ | ၂-၄ |
| ၂။ | လစာခေါင်းစဉ်မှအပ ငွေထုတ်ပေးရန်တာဝန်ရှိသူကငွေထုတ်ပေးချိန်တွင် ပင်ရင်းမှ ထုတ်ယူပေးသွင်းရန် မလိုသည့် ပေးချေငွေအမျိုးအစား သတ်မှတ်ခြင်း နှင့်စပ်လျဉ်းသည့် သတင်းစဉ်။ | ၅ |
| ၃။ | Busuksa ဘုန်းတော်ကြီးကျောင်း၏ ရှေးဟောင်းဗုဒ္ဓဆင်းတုတစ်ဆူပိုင်ဆိုင်ခွင့် အယူခံမှုကို တောင်ကိုးရီးယား တရားရုံးချုပ်က ပယ်ချခြင်း။ | ၆-၇ |
| ၄။ | ၄၆ ကြိမ်မြောက်  ကမ္ဘာလုံးဆိုင်ရာ Privacy Assembly နှစ်ပတ်လည်အစည်း အဝေး ၂၀၂၄ (Global Privacy Assembly Annual Conference 2024)ကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရန်Jersey အားရွေးချယ်ထားခြင်းနှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၈-၉ |
| ၅။ | နိုင်ငံရေးပါတီများအားဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး(မူကြမ်း)ရေးဆွဲရန် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် Fumio Kishida တိုက်တွန်းပြောကြားခြင်း။ | ၁၀-၁၁ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ယခုအပတ်အတွင်းဖော်ပြသည့် ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာအသစ်များ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ယခုသီတင်းပတ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများ၊ အလုပ်သမားဝန်ကြီးဌာန၏ အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်ကြေညာခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီမံကိန်းနှင့် မူဝါဒဆိုင်ရာ ဈေးငွေစိစစ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက ၉.၁၀.၂၀၂၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂၃၃/၂၀၂၃ ဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများကိုထုတ်ပြန်ခဲ့သည်။ နည်းဥပဒေ ၃-က တွင် နာယကအဖွဲ့၏ သက်တမ်းသည် ကောင်စီ၏သက်တမ်းအတိုင်းဖြစ်ပြီး သက်တမ်းနှစ်ကြိမ်အထိဆောင်ရွက်နိုင်ကြောင်းနှင့် သက်တမ်းထက်ဝက်ကျော်ထမ်းဆောင်ပါက တစ်ကြိမ်ထမ်းဆောင်ခြင်းဟု သတ်မှတ်ကြောင်း၊ တာဝန်ခံဝန်ကြီးဌာနသည် အသစ်ဖွဲ့စည်းမည့် နာယကအဖွဲ့၏အမည်စာရင်းကို လက်ရှိနာယကအဖွဲ့ သက်တမ်းမကုန်ဆုံးမီ (၁)လကြိုတင်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက် ရယူရမည်ဖြစ်ကြောင်းနှင့် လိုအပ်ပါက နယကအဖွဲ့ဝင်တစ်ဦးဦးကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်တမ်းနှစ်ကြိမ်ထက်ပို၍ တာဝန်ပေးအပ်နိုင်ကြောင်း အစားထိုးပြင်ဆင်ခဲ့သည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၄ (က)တွင် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသည့် အင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များအနက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ၂ဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၁ ဦး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ၁ ဦး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ၁ ဦး၊ စွမ်းအင်ဝန်ကြီးဌာန မှ ၁ ဦး၊ စက်မှုဝန်ကြီးဌာနမှ ၁ ဦး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ၁ ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၂ ဦးဖြင့် ကောင်စီဝင် ၁၀ ဦးရွေးချယ်တာဝန်ပေးအပ်ရမည်ဟုလည်းကောင်း၊ နည်းဥပဒေခွဲ (ခ) တွင် ပါရှိသော “ပညာရေးဝန်ကြီးဌာန” ဆိုသည့် စကားရပ်ကို “သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန” ဆိုသည့် စကားရပ် ဖြင့်လည်းကောင်း၊ နည်းဥပဒေခွဲ (ဂ) နှင့် (င) တို့တွင် ပါရှိသော “လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ရမည်” ဆိုသည့်စကားရပ်ကို “ရွေးချယ်တာဝန်ပေးအပ်ရမည်” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ နည်းဥပဒေခွဲ(ဃ)၌ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသည့် အစိုးရမဟုတ်သောအင်ဂျင်နီယာ ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များအနက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်မှ ၉ဦး၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် မှ ၁ ဦး၊ မြန်မာနိုင်ငံ နည်းပညာရှင်များ အဖွဲ့မှ ၂ ဦး၊ မြန်မာနိုင်ငံဗိသုကာအသင်းမှ ၁ ဦး၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်မှ ၁ ဦး၊ မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး လုပ်ငန်းရှင်များအသင်းမှ ၁ ဦးဖြင့် ကောင်စီဝင် ၁၅ ဦးကို ရွေးချယ်တာဝန်ပေးအပ်ရမည် ဟု လည်းကောင်း အစားထိုးပြင်ဆင်ခဲ့ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနည်းဥပဒေများ နည်းဥပဒေ ၁၉(က)(၇) တွင် လုပ်ငန်းကော်မတီသည် ကောင်စီက အသိအမှတ်ပြုထားသည့် ပြည်တွင်းပြည်ပရှိတက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ အင်ဂျင်နီယာနှင့်နည်းပညာဆိုင်ရာဘွဲ့နှင့် ဒီပလိုမာရရှိထားခြင်းမရှိသော်လည်း နိုင်ငံတကာနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းသို့မဟုတ် အစိုးရဌာနများက တရားဝင်အသိအမှတ်ပြုထုတ်ပေးထားသော အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာကျွမ်းကျင်မှု လက်မှတ်ရရှိထားသူများအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သက်ဆိုင်ရာကျွမ်းကျင်မှုအဆင့်

အလိုက် မှတ်ပုံတင်လက်မှတ် ထုတ်ပေးနိုင်ရေးကို ကောင်စီထံတင်ပြရမည်ဟု ဖြည့်စွက်ပြဋ္ဌာန်းခဲ့သည်ကို တွေ့ရှိရပါသည်။

အင်ဂျင်နီယာပညာစဉ်ဆက်မပြတ်သင်ကြားရေးလုပ်ငန်းကော်မတီနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၂၄ (က) (၆) တွင် အလုပ်သင်နည်းပညာကျွမ်းကျင်သူများ၊ အလုပ်သင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူများနှင့် အလုပ်သင်အင်ဂျင်နီယာများအတွက် အလုပ်သင်ကာလအတွင်း လိုအပ်ချက်များကို သတ်မှတ်ပေးခြင်းနှင့် ပညာရပ်ဆိုင်ရာစဉ်ဆက်မပြတ်သင်ကြားရေးလုပ်ငန်းများကို သင့်လျော်သောနည်းလမ်းများဖြင့် စီစဉ်ဆောင်ရွက်ခြင်းဟု ဖြည့်စွက်ပြဋ္ဌာန်းခဲ့ပါသည်။

ဤနည်းဥပဒေ၏ နည်းဥပဒေ ၁၀၄ (ဃ) တွင် ကျန်အထူးပြုအင်ဂျင်နီယာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကောင်စီသည် တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ပေးရမည်ဟု ဖြည့်စွက်ပြင်ဆင်ခဲ့သည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူများအနေဖြင့် အင်ဂျင်နီယာပညာဆိုင်ရာ နှင့် နည်းပညာဆိုင်ရာများကို ဆောင်ရွက်ရာ၌ ဤနည်းဥပဒေပါပြဋ္ဌာန်းချက်များကို လေ့လာသိရှိလိုက်နာရန် လိုအပ်သည်ဟု တွေ့ရှိရ ပါသည်။

e– Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## လစာခေါင်းစဉ်မှအပ ငွေထုတ်ပေးရန် တာဝန်ရှိသူက ငွေထုတ်ပေးချိန်တွင် ပင်ရင်းမှ ထုတ်ယူပေးသွင်းရန် မလိုသည့် ပေးချေငွေအမျိုးအစား သတ်မှတ်ခြင်းနှင့်စပ်လျဉ်းသည့် သတင်းစဉ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် လစာခေါင်းစဉ်မှအပ ငွေထုတ်ပေးရန် တာဝန်ရှိသူက ငွေထုတ်ပေးချိန်တွင် ပင်ရင်းမှ ထုတ်ယူပေးသွင်းရန် မလိုသည့် ပေးချေငွေအမျိုးအစား သတ်မှတ်ခြင်းကို အမိန့်ကြော်ငြာစာအမှတ် ၁၅၇/ ၂၀၂၃ ဖြင့် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

ယင်းအမိန့်ကြော်ငြာစာအရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၆ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက် ဖြင့် လစာခေါင်းစဉ်မှအပ ပေးချေငွေအမျိုးအစားများနှင့်စပ်လျဉ်း၍ ငွေထုတ်ပေးရန် တာဝန်ရှိသူ က ငွေထုတ်ပေးချိန်တွင် သတ်မှတ်ရာခိုင်နှုန်းများအလိုက် ကျသင့်သော ဝင်ငွေခွန်ကို နုတ်ယူ ပေးသွင်းရန် ၁၈-၆-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၈ ကို ထုတ်ပြန်ခဲ့ကြောင်း၊ ယင်းအမိန့်ကြော်ငြာစာ၏ အပိုဒ် ၇ အပိုဒ်ခွဲ (က) တွင် ပြည်တွင်းအခွန်ဦးစီးဌာန၊ ညွှန်ကြားရေး မှူးချုပ်သည် ပြည်ထောင်စုအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူ ခွင့်ပြုချက်ဖြင့် လိုအပ်ပါက ပေးချေငွေအမျိုးအစား တစ်ရပ်ရပ်အတွက် ပင်ရင်းမှ နုတ်ယူပေးသွင်း ရန် မလိုအပ်ကြောင်း သတ်မှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ယင်းပြဋ္ဌာန်းချက်နှင့်အညီ သဘာဝဘေးအန္တရာယ် ကျရောက်ပါက ထောက်ပံ့ပေးနိုင်ရန် ဒုတိယအကြိမ် အရန်ဆန်တန်ချိန် ၂၅၀၀၀ ဝယ်ယူခြင်းအတွက် ဆန်စပါး ရောင်းချပေးသည့် သက်ဆိုင်ရာ ကုမ္ပဏီများသို့ ပေးချေရန် အရန်ဆန်ဝယ်ယူရေးကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ၂၆-၇-၂၀၂၃ ရက်နေ့တွင် ချုပ်ဆိုသော အရန်ဆန်အရောင်းအဝယ်သဘောတူစာချုပ်အရ မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်တို့ စုစုပေါင်း အရန်ဆန်တန်ဖိုးကျပ် ၂၉.၂၅၀ ဘီလီယံ ပေးချေ ငွေများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်အရ ငွေထုတ်ပေးရန် တာဝန်ရှိသူက ငွေထုတ် ပေးချိန်တွင် ပင်ရင်းမှနုတ်ယူပေးသွင်းရန် မလိုအပ်သောပေးချေငွေအမျိုးအစားအဖြစ် သတ်မှတ် လိုက်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: ပြည်တွင်းအခွန်များဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

## Busuksa ဘုန်းတော်ကြီးကျောင်း၏ ရှေးဟောင်း ဗုဒ္ဓဆင်းတုတစ်ဆူ ပိုင်ဆိုင်ခွင့် အယူခံမှုကို တောင်ကိုးရီးယား တရားရုံးချုပ်က ပယ်ချခြင်း

တောင်ကိုရီးယားနိုင်ငံ၏ အမြင့်ဆုံးတရားရုံးချုပ်က တောင်ကိုးရီးယားနိုင်ငံ Busuksa ဘုန်းတော်ကြီးကျောင်းမှ ရှေးဟောင်း ဗုဒ္ဓဆင်းတု နှင့်စပ်လျဉ်း၍ တင်သွင်းလာသော အယူခံမှုတွင် “ယင်းရှေးဟောင်း ဗုဒ္ဓဆင်းတုသည် ဂျပန်ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း မှ ခိုးယူခြင်းခံရပြီး ဂျပန်ဘုန်းတော်ကြီးကျောင်းကသာ ပိုင်ဆိုင်ခြင်းဖြစ်ကြောင်း”၂၆-၁၀-၂၀၂၃ရက်နေ့တွင် အပြီးသတ် စီရင်ချက်ချမှတ်ခဲ့သဖြင့် ၇ နှစ်ခွဲကြာမြင့်ခဲ့သည့်အမှုသည် အဆုံးသတ်ခဲ့ကြောင်းသိရသည်။

ယင်းဗုဒ္ဓဆင်းတုသည် ဥဇ္ဇတော်လက်မ ၂၀ ရွှေရည်စိမ် ကြေးဆင်းတုဖြစ်ပြီး ဂျပန် နိုင်ငံ နာဂါစာကီခရိုင် Tsushima ကျွန်းတွင်ရှိသော Kannonji ဘုန်းတော်ကြီးကျောင်းမှ ၂၀၁၂ ခုနှစ်တွင် ခိုးယူခံခဲ့ရပြီး တောင်ကိုရီးယား၌ ပြန်တွေ့ခဲ့ကာ ယခုအချိန်အထိ တောင်ကိုရီးယား အစိုးရက ထိန်းသိမ်းထားခြင်းဖြစ်ကြောင်းသိရသည်။ တောင်ကိုရီးယားနိုင်ငံ Busuksa ဘုန်းတော်ကြီး ကျောင်းက ယင်းဗုဒ္ဓဆင်းတုကို ၎င်းတို့ပိုင်ဆိုင်ကြောင်း၊ ပင်လယ်ဓားပြများက ၎င်းတို့ ဘုန်းတော် ကြီးကျောင်းမှ ယင်းဗုဒ္ဓဆင်းတုကို ခိုးယူသွားခဲ့ခြင်းဖြစ်ကြောင်းဖြင့် ၎င်းတို့ကိုပေးအပ်ရန် အစိုးရ ကိုတောင်းဆိုသည့်တရားစွဲဆိုမှုကို ၂၀၁၆ခုနှစ်ဧပြီလတွင် လျှောက်ထားခဲ့ပါသည်။၂၀၁၇ခုနှစ်တွင် Daejeon District Court က Busuksa ဘုန်းတော်ကြီးကျောင်း၏အဆိုကို လက်ခံသည့် စီရင်ချက်ကို ချမှတ်ခဲ့သော်လည်း ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် Daejeon High Court မှ ဂျပန် ဘုန်းတော်ကြီးကျောင်းသည် အဆိုပါဆင်းတုကို တရားဝင်နှစ်ပေါင်း ၂၀ ကျော် ပိုင်ဆိုင်ထားခဲ့ခြင်း ဖြစ်ကြောင်းဖြင့် ဆင်းတုပိုင်ဆိုင်ခွင့်နှင့် ပတ်သက်သည့်အောက်တရားရုံး၏ စီရင်ချက်ကို ပယ်ဖျက် ခဲ့ခြင်းကြောင့် Busuksa ဘုန်းတော်ကြီးကျောင်းမှ တရားရုံးချုပ်သို့ အယူခံ လျှောက်ထားခဲ့ခြင်း ဖြစ်ပါသည်။

တောင်ကိုးရီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Lim Soo Suk က အစိုးရအနေဖြင့် အမြင့်ဆုံးတရားရုံး၏ဆုံးဖြတ်ချက်ကို လေးစားလိုက်နာရမည်ဖြစ်ပြီး ယင်းဗုဒ္ဓဆင်းတု ကိုဂျပန်နိုင်ငံသို့ လွှဲပြောင်းပေးရန် တာဝန်ရှိသောအဖွဲ့အစည်းက သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံး

လုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

ရည်ညွှန်း ; https://www3.nhk.or.jp/nhkworld/my/news/446497/ and KYODO NEWS

## ၄၆ ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ Privacy Assembly နှစ်ပတ်လည်အစည်းအဝေး ၂၀၂၄ (Global Privacy Assembly Annual Conference 2024)ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် Jersey အား ရွေးချယ်ထားခြင်းနှင့်စပ်လျဉ်း၍ သိကောင်းစရာ

၂၀၂၃ခုနှစ် Global Privacy Assembly Annual Meeting မှ ၄၆ ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို Channel Islands ရှိ Jersey နိုင်ငံ၏ Bailiwick တွင်ကျင်းပရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ယင်းအစည်းအဝေးတွင် သတင်းအချက်အလက်၊ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ လွတ်လပ်ခြင်း၊ ဂုဏ်သိက္ခာ၊ ဒေသခံတိုင်းရင်းသား၊ ယဉ်ကျေးမှု၊ နိုင်ငံတကာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာမဏ္ဍိုင်များကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါအကြောင်းအရာများသည် အန္တရာယ်များ၊ တန်ဖိုးထားမှုများနှင့် ကြွယ်ဝမှုတို့ကို မည်သို့အကျိုးသက်ရောက်ကြောင်း လေ့လာဖော်ထုတ်သွားမည်ဖြစ်ပါကြောင်း၊ ညီလာခံကို ၂၈. ၁၀. ၂၀၂၄ မှ ၁.၁၁.၂၀၂၄ အထိ ကျင်းပမည်ဖြစ်ပြီး Freedom Centre, St.Helier ၏ ထူးခြားသောနေရာများတွင် တည်ခင်းဧည့်ခံသည့် ဧည့်ခံပွဲလည်း ပါဝင်မည်ဖြစ်ကြောင်း၊ Trinity ခရစ်ယာန်အသင်းတော်နယ်ပယ်ရှိ the Royal Jersey Showground တွင် နှစ်ရက်ဆက်တိုက်ကျင်းပမည့် Open Conference Sessions တွင် ပြည်တွင်းနှင့် ပြည်ပ စီးပွားရေးကဏ္ဍအားလုံးမှ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း၊ ၎င်းတို့အား Gala Dinner နှင့် Awards Night တို့ဖြင့် ကျင်းပမည်ဖြစ်ပြီး၊ စိန့်ဟယ်လီယာမြို့လယ်ရှိ Radisson Blu Hotel တွင် ဒေတာကာကွယ်ရေးအာဏာပိုင်များအတွက်သာ နေ့တစ်ပိုင်း အစည်းအဝေးများကို ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

Jersey Information Commissioner Paul Vane က Jersey, Channel Islands သည် ၂၀၂၄ ခုနှစ်အတွက် Global Privacy Assembly Meeting ကို လက်ခံကျင်းပရန် ရွေးချယ်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ၎င်းသည် privacy နှင့် data ကာကွယ်ရေး ညီလာခံဖြစ်သော်လည်း အမှန်တကယ်တွင် ဂျာစီနှင့် Channel Islands ရှိ အရာအားလုံးကို ပြသရန် အခွင့်အရေးဖြစ်ပါကြောင်း၊ ဤနှစ်ပတ်လည် အစည်းအဝေးသည် privacy နှင့် data ကာကွယ်ရေး အပေါ် သက်ရောက်မှုရှိသော အဓိကပြဿနာများကိုဆွေးနွေးရန် ကမ္ဘာတစ်ဝှမ်းရှိ ဒေတာကာကွယ်ရေးအာဏာပိုင်များ ၁၃၈ ဖွဲ့လုံးကို လာရောက်စေကြောင်း၊ (Jersey Office of the Information

Commissioner– JOIC) နှင့် Island နှစ်ခုလုံးအတွက် ကြီးမားသော ဂုဏ်သိက္ခာတစ်ခုဖြစ်ပြီး ဆန်းသစ်တီထွင်မှု၊ ကျွမ်းကျင်မှုနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အခင်းအကျင်းအရ ကမ္ဘာကို ပေးဆောင်နိုင်သည့်အရာများဖြစ်ကြောင်း၊ ညီလာခံသည် ကာလတို၊ ကာလရှည် နှစ်ရပ်လုံး အတွက်နှင့် အနာဂတ်အတွက် လမ်းပြမြေပုံဖန်တီးရန် ရည်ရွယ်ထားပြီး တစ်ဦးချင်းစီ၏ဒေတာကို ကိုယ်တိုင်စီမံခန့်ခွဲနိုင်မှု၊ ဒေတာ မျှဝေမှုတွင် ပိုမိုသာတူညီမျှမှုရရှိစေရန်၊ ပုဂ္ဂိုလ်ရေးဆိုင်ရာဒေတာ အသုံးပြုမှုတွင် ပိုမိုကောင်းမွန်သော အမူအကျင့်များနှင့် ယဉ်ကျေးမှုကို မြှင့်တင်ရန်ရည်ရွယ်ကြောင်း၊ ဆွေးနွေးပွဲတွင် လက်ရှိစည်းမျဉ်းစည်းကမ်းပုံစံများသည် သက်ဆိုင်ရာ နှင့် ရည်ရွယ်ချက်အတွက် ကိုက်ညီမှု ရှိ မရှိ၊ ကိုယ်ရေးကိုယ်တာ ဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၏ အနာဂတ်သည် မည်သို့ မည်ပုံရှိသည်၊ အနာဂတ်မျိုးဆက်များကို မည်သို့ကာကွယ်ရမည်စသည်တို့ကို မေးမြန်းဆွေးနွေးသွား မည်ဖြစ်ကြောင်းနှင့် လှပသော Jersey, Channel Islands သို့ နိုင်ငံတကာမှ လက်တွဲဖော်များ (international counterparts) ကို ကြိုဆိုရန် မျှော်လင့်နေပါကြောင်း၊ ၄၆ ကြိမ်မြောက် GPA အတွက် ကြိုတင်လက်မှတ်များကို ယခုရောင်းချပေးနေပြီဖြစ်ကြောင်း၊ နေရာ ထိုင်ခင်း၊ ဂျာစီခရီးနှင့် ကြိုတင်လက်မှတ် မှတ်ပုံတင်ခြင်းအပါအဝင် ညီလာခံအကြောင်း ပိုမိုသိရှိလိုပါက ညီလာခံဝဘ်ဆိုဒ် ဖြစ်သည့် www.gpajersey.com သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source:

https://jerseyoic.org/news-articles/news/jersey-selected-as-host-nation-for-global-privacy-assembly-annual-conference-2024/

## နိုင်ငံရေးပါတီများအား ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး(မူကြမ်း)ရေးဆွဲရန် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် Fumio Kishida တိုက်တွန်းပြောကြားခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေပြန်လည်ပြင်ဆင်သည့်(မူကြမ်း)ကိုရေးဆွဲရန် အာဏာရပါတီ နှင့် အတိုက်အခံပါတီများအား ဝန်ကြီးချုပ် Fumio Kishida က ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့ မူဝါဒဆိုင်ရာမိန့်ခွန်းတွင် တိုက်တွန်းပြောကြားခဲ့ပါသည်။ Kishida သည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ကုန်ဆုံးမည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (Liberal Democratic Party)၏ သမ္မတသက်တမ်းအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် မဆောင်ရွက်ခဲ့ရသဖြင့် ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ၎င်း၏စိတ်အားထက်သန်မှုကို ပြသခြင်းဖြင့် ရှေးရိုးစွဲဝါဒီသမားများကို ဆွဲဆောင်ရန် ရည်ရွယ်သည့် သဘောရှိပါသည်။

တနင်္လာနေ့တွင် ကျင်းပပြုလုပ်သော လွှတ်တော်နှစ်ရပ်လုံး၏ စုံညီအစည်းအဝေးတွင် “နိုင်ငံအတွက်စံပြဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးသည် ရွှေ့ဆိုင်း၍မရသော အရေးကြီးသည့်ကိစ္စရပ်ဖြစ်သည်”ဟု ဝန်ကြီးချုပ်က အခိုင်အမာ ပြောကြားခဲ့ပါသည်။

၎င်း၏ ဇန်နဝါရီလတွင် ပြောကြားခဲ့သော မိန့်ခွန်းတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်ပြင်ဆင်ရေးဆွေးနွေးပွဲကို ပိုမိုလေးနက်စွာ ဆွေးနွေးနိုင်ရန် မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။ ထို့ကြောင့် Liberal Democratic Party ပါတီဝင်ဟောင်းတစ်ဦးက ဝန်ကြီးချုပ် Kishida သည် "ရှေ့သို့ တစ်လှမ်းတိုးပြီ" ဟု မှတ်ချက်ပြုခဲ့ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ဆွေးနွေးခဲ့ကြသည့် ခေါင်းစဉ်များအနက် ရွေးကောက်ပွဲကျင်းပရန်ခက်ခဲသည့် အရေးပေါ်အခြေအနေမျိုးတွင် ဂျပန်လွှတ်တော်(Diet) အဖွဲ့ဝင်များ၏ရာထူးသက်တမ်းကိုတိုးရန်မှာ အရေးကြီးသည့်အချက်တစ်ချက်ဖြစ်ကြောင်း နိုင်ငံရေးပါတီများမှ သဘောတူညီကြပါသည်။

Kishida သည် Liberal Democratic Party ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ရမည့် သက်တမ်းမှာ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်အတွက် အခက်အခဲ အတားအဆီးများမှာလည်း မြင့်မားနေဆဲဖြစ်ပါသည်။

ထို့ပြင် ဝန်ကြီးချုပ် Kishida က "ဥပဒေပြုလွှတ်တော်၏ သဘောတူညီချက်ကို လျှင်မြန်စွာ ရရှိနိုင်ရန်အတွက် တက်ကြွစွာပါဝင်ဆွေးနွေးမှုများ ပြုလုပ်ပေးရန်" တောင်းဆိုခဲ့ပြီး Kishida သည် ရွေးရိုးစွဲဝါဒီသမားများကို ၎င်း၏ဘက်သို့ စည်းရုံးသိမ်းသွင်းလိုသည့် ရည်ရွယ်ချက်ဖြင့် မူဝါဒဆိုင်ရာ မိန့်ခွန်းတွင် ပထမဆုံးအကြိမ် ထည့်သွင်းပြောကြားခြင်းဖြစ်ကြောင်း သိရှိရသည်။

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်:

https://constitutionnet.org/news/japanese-prime-minister-urges-political-parties-draft-articles-constitutional-revision

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

